# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်
## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၃း၃၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၃း၃၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်မှစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၄၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၇၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင် ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၃ ရက်၊

(၂) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၃) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၃ ရက်၊

(၄) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၅) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရိုအုပ် ခွင့် ၃ ရက်၊

(၆) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၂ ရက်၊

(၇) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၈) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၃ ရက်၊

(၉) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၁၀) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၃ ရက်၊

(၁၁) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၁ ရက်၊

(၁၂) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၁၃) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၄) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၁၅) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၁ ရက်၊

(၁၆) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၃ ရက်၊

(၁၇) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၃ ရက်၊

(၁၈) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၂ ရက်၊

(၁၉) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁၂ ရက်၊

(၂၀) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၁၁ ရက်၊

(၂၁) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၃ ရက်၊

(၂၂) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၃ ရက်၊

(၂၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃ ရက်၊

(၂၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၃ ရက်၊

(၂၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၂၆) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၃ ရက်၊

(၂၇) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၃ ရက်၊

(၂၈) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၃ ရက်၊

(၂၉) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၃၀) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

မူကြမ်း

(၃၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၃ ရက်၊

(၃၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်၊

(၃၄) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၃၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၃ ရက်၊

(၃၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၃ ရက်၊

(၃၇) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေး ခွင့် ၄ ရက်၊

(၃၈) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၄ ရက်၊

(၃၉) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းမိုးခေါင်လွင် ခွင့် ၃ ရက်၊

(၄၀) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၃ ရက်၊

(၄၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၃ ရက်၊

(၄၂) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၃ ရက်၊

(၄၃) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်၊

(၄၄) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၃ ရက်၊

(၄၅) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၃ ရက်နှင့်

(၄၆) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကို ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်တိုင်းရင်းသားများဖြစ်ကြသော မြို့နှင့် ခမီတို့အား သီးခြားလူမျိုးများအဖြစ် အသိအမှတ်ပြုပြီး ဖြစ်ရာ မြို့(ခ) ခမီ သို့မဟုတ် မြို့/ခမီ ဟု သုံးနှုန်းခြင်းသည် တရားဝင်မှုရှိ/မရှိနှင့် မြို့ (ခ) ခမီအဖွဲ့အစည်း (မြို့ (ခ) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့) ဟု ဖွဲ့စည်းထားခြင်းအပေါ် မည်သို့ဆက်လက်ဆောင်ရွက် သွားမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစား အပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုးရှိတဲ့အနက် ရခိုင် မျိုးနွယ်စု ခုနစ်မျိုးပါဝင်ပါတယ်။ ၎င်းတို့မှာ မြို့၊ သက်၊ ဒိုင်းနက်၊ ရခိုင်၊ ခမီ၊ မာရမာကြီး၊ ကမန်လူမျိုးများ ဖြစ်ကြပါတယ်။ အခွင့်အရေးကို လိုလားသူတစ်စုတို့သည် မြို့နှင့် ခမီလူမျိုး တစ်မျိုးတည်းဖြစ်ကြောင်း ဝါဒဖြန့်ချိရာ မြို့ (ခေါ်) ခမီ ဟူ၍ အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းကာ မြို့လူမျိုးများနှင့် ခမီလူမျိုး များပေါင်းစည်းထားတဲ့ အဖွဲ့ဟူ၍ ပေါ်ပေါက်လျက် ရှိနေကြပါတယ်။ ဒီအဖွဲ့အစည်းကို ခမီလူမျိုးများ နှင့် မြို့လူမျိုးစစ်စစ်များက လက်ခံမှုမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ခမီလူမျိုးများနှင့် မြို့လူမျိုးများ မှာ သီးခြားဘာသာစကား၊ သီးခြားရိုးရာဓလေ့၊ ယဉ်ကျေးမှုကိုယ်စီနှင့် ရပ်တည်လာခဲ့ကြတာဟာ ယခု အချိန်အထိပဲဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်၊ ပါတီစုံရွေးကောက်ပွဲတွင် မြို့ (ခေါ်) ခမီအမျိုးသား ညီညွတ်ရေးအဖွဲ့အဖြစ် ပါတီကို ဝင်ပြီးတော့ ရွေးကောက်ခံခဲ့ကြပါတယ်။

မြို့တိုင်းရင်းသားပါတီနှင့် ခမီ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို မြို့ (ခေါ်) ခမီ သို့မဟုတ် မြို့/ခမီ ခေါ်ဝေါ်သုံးနှုန်းခြင်းကို ကန့်ကွက်ထား ကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ မျိုးနွယ်စုအချင်းချင်း သဘောထားကွဲပြားကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထိခိုက်နေကြောင်း တင်ပြ အကူအညီတောင်းခံလာကြတဲ့အတွက်ကြောင့် ဒီအငြင်းပွားမှုများကို ဖြေရှင်းပေးပါမှ လူမျိုးစုအချင်းချင်း ပြေလည်အေးချမ်းမှု ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မိပါ၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်း အပ်ပါတယ်။ မေးခွန်း(၁) နိုင်ငံတော်မှ မြို့နှင့် ခမီတို့အား သီးခြားလူမျိုးအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ မြို့ (ခေါ်) ခမီ သို့မဟုတ် မြို့/ခမီ ဟုသုံးနှုန်းခြင်းသည် တရားဝင်မှုရှိ/မရှိ။ မေးခွန်း(၂) မြို့ (ခေါ်) ခမီအဖွဲ့အစည်း၊ မြို့(ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့ဟု ဖွဲ့စည်းထားခြင်းအပေါ် မည်သို့ဆက်လက် ဆောင်ရွက် သွားပါမည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည် တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက် သဂါရဝပြု အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဝင်းမြင့် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ ရခိုင်တိုင်းရင်းသားများဖြစ်ကြသော မြို့နှင့်ခမီတို့အား သီးခြားလူမျိုးများအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ မြို့(ခေါ်)ခမီ သို့မဟုတ် မြို့/ခမီဟု သုံးနှုန်းခြင်းသည် တရားဝင်မှုရှိ/မရှိနှင့် မြို့(ခေါ်)ခမီအဖွဲ့အစည်း (မြို့(ခေါ်)ခမီအမျိုးသား ညီညွတ်ရေးအဖွဲ့) ဟုဖွဲ့စည်းထားခြင်းအပေါ် မည်သို့ ဆက်လက် ဆောင်ရွက်သွားပါမည်ဟု သိလိုခြင်းနှင့် ပတ်သက်၍ ကျွန်တော်မှ ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ နိုင်ငံမှာ နေထိုင်သောတိုင်းရင်းသား မျိုးနွယ်စုစာရင်းများ ပြုစုသတ်မှတ်ရာမှာ ၁၉၃၁ ခုနှစ်မှာ

ပြုစုခဲ့သော သန်းခေါင်စာရင်းအရ လူမျိုးစုစာရင်းအပေါ်မှာ အခြေခံ၍လည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ် လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၆၀ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ အကြံပြုချက်များအရလည်းကောင်း၊ ၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသားရေးရာကော်မတီ၏ ညှိနှိုင်းချက်အရလည်းကောင်း အခြေခံ၍ လူမျိုးစာရင်းကိုပြုစုပြီး ၁၉၇၃ ခုနှစ်မှာ လူဦးရေနှင့် သန်းခေါင်စာရင်းမှာ အသုံးပြုခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ် သန်းခေါင်းစာရင်းအရ လူမျိုးနွယ်စု ၁၃၅ မျိုးရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းတွင် အဆိုပါ လူမျိုးနွယ်စု ၁၃၅ မျိုးကိုပင် အတည်ပြုအခြေခံ၍ လူမျိုးစုစာရင်းကောက်ယူခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကောက်ယူရာမှာ ၁၉၇၃ ခုနှစ်က ကောက်ယူရရှိခဲ့ပြီး မှတ်တမ်းတင်ထားသောလူမျိုး ၁၃၅ မျိုးစာရင်းကို အခြေခံ၍ ဆောင်ရွက်ထားခြင်းပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၌ ကောက်ယူခဲ့သော ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများအရ လူမျိုးစုရှစ်မျိုးမှာ တိုင်းရင်းသာလူမျိုး ၁၃၅ မျိုးရှိ မြိုလူမျိုးနှင့် ခမီလူမျိုးများကို စိစစ်ရာမှာ ရခိုင်မျိုးနွယ်စု လူမျိုးခုနစ်မျိုး၌ မြိုလူမျိုးနှင့် ခမွီးလူမျိုးများကိုသာ တွေ့ရှိရပါတယ်။ ခမီလူမျိုးအား ချင်းလူမျိုးစု ၅၃ မျိုးမှာပါဝင်သည်ကို စိစစ်တွေ့ရှိရတယ်။ မြိုလူမျိုးနှင့် ခမီလူမျိုးတို့ဟာ တိုင်းရင်းသားလူမျိုးစုတစ်စုစီမှ သီးခြားလူမျိုးတစ်မျိုးစီသာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ တိုင်းရင်းသားလူမျိုးစာရင်းကြမ်း ထွက်လာချိန်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ လမ်းညွှန်မှုခံယူပြီး လွှတ်တော်မှ တိုင်းရင်းသားရေးရာ ကော်မတီဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်နှင့် လူဦးရေပညာရှင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ တိုင်းရင်းသားလူမျိုးများအမည်သတ်မှတ်ပြီးမှသာလျှင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ အတည်ပြုချက်ရယူ၍ ထုတ်ပြန်ရမည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ မြိုနှင့်ခမီတို့အား သီးခြားလူမျိုးများအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ မြို (ခေါ်) ခမီ သို့မဟုတ် မြို/ခမီ

ဟုသုံးနှုန်းခြင်းသည် တရားဝင်မှုရှိ/မရှိနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

မြို (ခေါ်) ခမီအဖွဲ့အစည်း မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့ဟု ဖွဲ့စည်းထားခြင်း အပေါ်မှာ မည်သို့ဆက်လက်ဆောင်ရွက်သွားပါမည်ကို သိလိုခြင်း မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် ရက်စွဲပါစာအမှတ် ၃၈/စမ-စည်း(၁) (၂၅)/ကမရ ဖြင့် ဖြေကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေးပါတီအဖွဲ့အား ကြေညာချက်အမှတ် (၃/၂၀၁၅)ဖြင့် မှတ်ပုံတင် ခွင့်ပြုခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ အမည်သို့ ပြောင်းလဲသတ်မှတ်ထားပြီးဖြစ်ပါတယ်။ မြို (ခေါ်) ခမီအမည်ပါ နိုင်ငံရေးပါတီဟူ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိပါ။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာပါက တည်ထောင်လိုသောပါတီ၏အမည်၊ အလံ နှင့် တံဆိပ်တို့ကို ယင်းနည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (ဃ)အရ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသောပါတီ၏အမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက် လိုက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကော်မရှင်က နေ့စဉ်ထုတ်သတင်းစာများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website တွေမှာလည်း ကြော်ငြာထားပြီးသားဖြစ်ပါတယ်။ ထို့အပြင် ပါတီ၏အမည်၊ အလံနှင့် တံဆိပ်တို့ဟာ ဘာသာ၊ သာသနာနှင့် ဆက်နွယ်သော သို့မဟုတ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသော အမည်၊ အမှတ်အသား သို့မဟုတ် သင်္ကေတများမဖြစ်စေရန် အတွက်လည်းကောင်း၊ နိုင်ငံတော်က အသိအမှတ်ပြုထားသော အဖွဲ့အစည်းများ၏ အလံနှင့် တံဆိပ်တို့ကို ထည့်သွင်း၍သော်လည်းကောင်း၊ တုပ၍သော်လည်းကောင်း အသုံးမပြုစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း စိစစ်အတည်ပြုစေခဲ့တာပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြို (ခေါ်) ခမီအဖွဲ့အစည်း (မြို (ခေါ်) ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့) ဟု ဖွဲ့စည်းထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခွင့်ပြုထား ခြင်းမရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရှင့်။ ကျွန်မအနေနဲ့ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးလိုပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ဥက္ကဋ္ဌ ဦးစံသာအောင် ခေါင်းဆောင်တဲ့ မြို/ခမီပါတီအမည်ဖြင့် ရွေးကောက်ပွဲဝင်ခဲ့ပါတယ်။ နောက်တစ်ခါ ၁၉၉၀ ပြည့်မှာ ဒီပါတီ ၁၀ ခုကို ဖျက်သိမ်းခံခဲ့ရပါတယ်။ ဒါပေမဲ့ ဦးစံသာအောင် ခေါင်းဆောင်တဲ့ မြို/ခမီပါတီကတော့ အဖျက်အဆီးမခံခဲ့ရပါဘူး။ ဒါကြောင့် ဥပမာ- မြိုဘာသာ ကလည်း သူ့ မြိုလူမျိုး၊ ခမီကလည်း ခမီလူမျိုးရှိတဲ့အတွက် ခမီ သို့မဟုတ် မြိုလူမျိုး ပေါင်းစပ်ပြီးတော့ ပါတီဖွဲ့စည်းထားလို့ရှိရင် အဲဒီလူမျိုးနှစ်ခုက ကန့်ကွက်လာလို့ရှိရင် ဘယ်လိုအရေးယူမလဲဆိုတာကို ကျွန်မ ထပ်ဆင့်မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုနက တင်ပြပြီးတဲ့ အတိုင်းပါပဲ မြိုနဲ့ ခမီဟာ သီးခြားပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်မှာလည်းပဲ မှတ်ပုံတင်ထားခြင်းမရှိပါဘူး။ နိုင်ငံတော်ကလည်း အသိအမှတ်ပြုထားခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ တကယ်လို့သာ အငြင်းပွားမှုဖြစ်လာရင်လည်း သက်ဆိုင်ရာဌာန များကပဲ ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားနိုင်ပါတယ်ဆိုတဲ့အကြောင်း ပြန်လည်ရှင်းလင်း တင်ပြလိုပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ရှိ ရန်ကုန်-မန္တလေး အမှတ်(၁) လမ်းမ နှင့် ရန်ကုန်- ပြည်လမ်းဆက်သွယ်လျက်ရှိသော မြို့ရှောင်လမ်းပေါ်သို့ ထောက်ကြန့်မြို့ပေါ်ရှိ ရေများအစဉ်စီးဆင်းလျက်ရှိရာ ရေစီးဆင်းမှုကောင်းမွန်ရေးအတွက် ကားပတ်(ခ်) ပြုလုပ်ပေးရန် နှင့် လမ်းပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ရဲ့ ၁ မိုင်အကွာလောက်

မှာ မြို့ရှောင်လမ်းရှိပါတယ်။ အဲဒီမြို့ရှောင်လမ်းက ရန်ကုန်-ပြည်လမ်းရယ်၊ ရန်ကုန်-မန္တလေးလမ်းရယ် ဆက်ထားတဲ့လမ်းဖြစ်ပါတယ်။ အဲဒီလမ်းကို ကားတွေနဲ့လည်း အသုံးပြုတာများပါတယ်။ မန္တလေးကနေ ပြည်ကိုသွားမယ်ဆိုရင်လည်း အဲဒီလမ်းကိုသုံးပါတယ်။ ပြည်ကနေ မန္တလေးဘက်ကို သွားမယ်ဆိုရင်လည်း အဲဒီလမ်းကို သုံးပါတယ်။ နောက်တစ်ခါ အဲဒီလမ်းမအပေါ်မှာပဲ ကျေးရွာအုပ်စု ၂ အုပ်စုရှိပါတယ်။ သံလွင်ပင်ကျေးရွာအုပ်စုနဲ့ ကွက်ကြီးကျေးရွာအုပ်စု နောက်တစ်ခါ ရဲစုကျေးရွာဆိုပြီးတော့ အဲဒီပေါ်မှာလည်း လူအများကြီးသွားလာပါတယ်။ အဲဒီလမ်းမကြီးပေါ်မှာ ရန်ကုန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်မြို့ရဲ့ သုသာန်ကိုလည်း အဲဒီမှာထားတဲ့အတွက်ကြောင့် နေ့စဉ်နာရေးကိစ္စများ ကိုလည်း နေ့တဓူဝသုံးစွဲနေသော မြို့ရှောက်လမ်းတစ်ခု ဖြစ်ပါတယ်။ အဲဒီမြို့ရှောက်လမ်းပေါ်ကို မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ကနေပြီးတော့ ရေတွေဟာဆိုလို့ရှိရင် ၁၂ ရာသီစီးဆင်းပါတယ်။ မြို့ပေါ်က သုံးစွဲတဲ့ရေတွေဟာ အဲဒီလမ်းဘက်ကိုစီးဆင်းတဲ့အခါမှာ Culvert မရှိတဲ့အခါမှာ အဲဒီလမ်းမှာကျော်ပြီးတော့ ရေတွေက စီးဆင်းရပါတယ်။ စီးဆင်းရတဲ့အတွက်ကြောင့် ဒီမြို့ရှောင်လမ်းကြီးကလည်း ပျက်သွားပါတယ်။ ပျက်သွားပြီးတဲ့အတွက်ကြောင့် ကားတွေလည်းသွားလို့မရပါဘူး။ တော်တော်လေး ဒါအခက်အခဲ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းဟာဆိုလို့ရှိရင် အများသုံးတဲ့ လမ်းလည်း ဖြစ်တယ်။ ဒီလမ်းကောင်းသွားမယ်ဆိုလို့ရှိရင် လမ်းဆုံမှာ ဒါကားကြပ်မှုလည်း တစ်စိတ်တစ်ဒေသ နည်းသွားမယ်။ နောက်တစ်ခါ ဒီလမ်းပေါ်မှာသွားတဲ့ ခရီးသွားတွေလည်း အဆင်ပြေမယ်။ နောက်တစ်ခါနာရေးကိစ္စတွေကို ဆောင်ရွက်လို့ရှိရင်လည်း နေ့တဓူဝနာရေးရှိနေတဲ့အတွက်ကြောင့်မို့လို့ ဒီလမ်းပေါ်ကိုလည်း သုံးစွဲနေရတဲ့အတွက်ကြောင့်မို့လို့ ဒါတွေသုံးစွဲလိုက်ရင် အားလုံးအဆင်ပြေသွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်အနေနဲ့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် နောက်မေးမြန်းလိုတာက မြို့ရှောင်လမ်းကို ပြုပြင်ပေးရန်အစီအစဉ်ရှိသလား။ အဲဒီ ပြုပြင်ပေးတဲ့အခါမှာလည်း Culvert မရှိလို့ရှိရင် ဒီလမ်းဟာ ပြန်ပျက်သွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ Culvert ကြီးကြီးတစ်ခု လုပ်ပေးပြီးတော့ လမ်းများကို ပြန်လည်ပြုပြင်ပေးပါလို့ ကျွန်တော့်အနေနဲ့ တင်ပြလိ ပါတယ်။ အဲဒီလို ပြုပြင်ပေးမယ်ဆိုရင်လည်း မည်သည့်အချိန်အခါမှာ ပြုပြင်ပေးမယ်ဆိုတာကို လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ရှိ ရန်ကုန်-မန္တလေးအမှတ်(၁)လမ်းနှင့် ရန်ကုန်-ပြည်လမ်းတို့ကို ဆက်သွယ်သော မြို့ရှောင်လမ်းအပေါ် ရေများ အမြဲစီးဆင်းပြီး ရေစီးရေလာကောင်းမွန်စေရန်အတွက် Culvert ပြုလုပ်ရန်နှင့် လမ်းပြုပြင်ပေးရန် Max Highway ကုမ္ပဏီမှ B.O.T စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်းနှင့် B.O.T စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသည့်အချိန်တွင် ပြုပြင်ပေးရန် အစီအစဉ် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တမူးခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ရေထိန်းနံရံများကို စီမံချက်ချမှတ်ပြီး ကြိုတင်ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ရာ တမူးမဟူရာချောင်း ရေတိုက်စားမှုမှ ကာကွယ်ရန်၊ ကမ္ဘာကြီးကျေးရွာချောင်းရေတိုက်စားမှုမှ ကာကွယ်ရန်၊ ကနန်ကျေးရွာချောင်းရေတိုက်စားမှုမှ ကာကွယ်ရန်နှင့် ခမ်းပါတ်-၁ နှင့် ၂ ရပ်ကွက်ချောင်းရေတိုက်စားမှုမှ ကာကွယ်ရန်တို့အတွက် ရေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းများကို မည်သို့စီမံဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒေသခံပြည်သူများရဲ့တင်ပြချက်အရ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်အတွင်း ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ရေကြီးရေလျှံမှုကြောင့်မြို့၊ ရပ်ကွက်၊ ကျေးရွာများ ရေတိုက်စားခြင်းခံခဲ့ရပါတယ်။ နောင်တွင်

အလားတူမဖြစ်စေနိုင်ရေးအတွက် ရေထိန်းနံရံများကို စီမံချက်ချမှတ်ပြီး ကြိုတင်ဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူများက ရေထိန်းနံရံများတည်ဆောက်ပေးရန် တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများအား မေးမြန်းအပ်ပါတယ်။ တမူးမဟူရာ ချောင်းရေတိုက်စားမှုမှ ကာကွယ်ရန်၊ ကမ္ဘကြီးကျေးရွာ ချောင်းရေ တိုက်စားမှုမှ ကာကွယ်ရန်၊ ကနန့် ကျေးရွာချောင်းရေတိုက်စားမှုမှ ကာကွယ်ရန်နှင့် ခမ်းပါတ်-၁ နှင့် ခမ်းပါတ်-၂ ရပ်ကွက် ချောင်းရေ တိုက်စားမှုတို့မှ ကာကွယ်ရန်တို့အတွက် ရေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို မည်သို့စီမံ ဆောင်ရွက် ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ် ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန-၁)။** ။ ဆက်လက်၍ ကျွန်တော့် အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၏ မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ တမူးမြို့မဟူရာ ချောင်း ပါဟဲတံတားရေလမ်း၊ ခမ်းပါတ်မြို့ ကနန်ကျေးရွာချောင်းရေတိုက်စားကမ်းပြိုသည့်နေရာ ခမ်းပါတ် -၁ နှင့် ခမ်းပါတ် -၂ အကြားရေတိုက်စားသည့်နေရာများသို့ စစ်ကိုင်းတိုင်းဒေသကြီး ရေ အရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကွင်းဆင်းတိုင်းတာဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းတိုင်းတာ တွေ့ရှိချက်များ အနက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း အစီအမံများဖြစ်သည့် တမူးမြို့နယ် ပါဟဲတံတားရေလမ်း ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ကျောက်စီမြေထိန်းနံရံ အလျား ၅၇၀ ပေ ရေကာများ အလျားတိုး ချဲ့ခြင်းနှင့် ရေကာ ၆၅ ပေ လေးခု တည်ဆောက်ခြင်းအတွက် ခန့်မှန်းတန်ဖိုးကျပ် ၁၉၈.၅ သန်း၊ ခမ်းပါတ်မြို့ ကနန်ချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း သံခြင်းအခြေပြု မြေထိန်းနံရံ အလျား ၉၈၄ ပေအတွက် ခန့်မှန်းတန်ဖိုးကျပ် ၁၈၂ သန်းနှင့် တမူးမြို့နယ်ခမ်းပါတ်နှင့် အမှတ်-၁နှင့် အမှတ်-၂ အကြား ခမ်းပါတ်မြို့ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ကျောက်ဖြစ်ရေဂါများ အလျား ၉၂၀ ပေ

အတွက်ခန့်မှန်းတန်ဖိုးကျပ် ၇၅ သန်းတို့ အသီးသီးကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါတမူးမြို့နယ် အတွင်း ကမ်းပြိုနေရာ ၃ နေရာအား ကမ်းပြိုကာကွယ်ရေး အစီအမံများဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင်ပါဝင်ခြင်း မရှိပါသဖြင့် ရန်ပုံငွေ အကူအညီရရှိရန်အတွက် ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ခမ်းပါတ်-၁ ရပ်ကွက် မြစ်ကမ်းပါးအခြေအား ရေတိုက်စားမှုကာကွယ်ရေးအတွက် သံခြင်းများချထား ခြင်းလုပ်ငန်းကို တမူးခရိုင်လမ်းဦးစီးဌာန မြစ်ကမ်းထိန်းသိမ်းရေးရန်ပုံငွေဖြင့်လည်းကောင်း၊ ခမ်းပါတ်-၂ ရပ်ကွက်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် A.D.B အကူအညီဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ကယားပြည်နယ်၊ ဘောလခဲခရိုင်၏ အဓိကအချက်အချာဒေသတစ်ခုဖြစ်သော ဖားဆောင်းမြို့တွင် စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်ရဲ့ ကိုယ်စား မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်ရဲ့ကိုယ်စား မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ ဖာဆောင်းမြို့နယ်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းဖော်ထုတ်ပေးနိုင်ရန် ဖားဆောင်းမြို့ နယ်မှာ စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခုတည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြသွားပါမယ်။ (က) ကယားပြည်နယ် ဘောလခဲခရိုင် အဓိကအချက်အချာဒေသတစ်ခုဖြစ်သော ဖားဆောင်းမြို့နယ်တွင် စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက် တစ်ခု တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိ။ (ခ) ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင် မည်နည်း။ မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးပဲကျေးဇူးတင်ပါတယ်။

[ဦးရဲထွဋ်တင်၊ ဖားဆောင်းမဲဆန္ဒနယ်ကိုယ်စား ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်မှ မေးမြန်း ပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**မှုကြမ်း**

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ဆက်လက်၍ ကျွန်တော့် အနေနဲ့ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်၏ မေးခွန်း နဲ့ပတ်သက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဒုတိယဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဖားဆောင်းမြို့နယ်တွင် အိမ်ခြေပေါင်း ၃၆၁၈ အိမ်၊ အိမ်ထောင်စု ၃၆၅၁ စု၊ လူဦးရေပေါင်း ၁၈၃၂၆ ဦးရှိပါတယ်။ ဖားဆောင်းမြို့ပေါ်တွင် အိမ်ခြေ ၄၉၀၊ လူဦးရေ ၂၈၅၂ ဦးသာရှိပါတယ်။ ဖာဆောင်းမြို့နယ် လျှပ်စစ်ဓာတ်အား ရရှိမှုအနေနဲ့ မဟာဓာတ်အားလိုင်းမှ ပေးပို့သော ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဖားဆောင်းမြို့ အတွင်း၌ ထရန်စဖာတစ်လုံးထိုင်ပြီး ၄၀၀ ဗို့ ဓာတ်အားလိုင်းဖြင့် မြို့နေပြည်သူများအား ၂၄ နာရီ မီးဖြန့်ဝေပေးလျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးအရ ဖားဆောင်းမြို့မှ လွိုင်ကော်မြို့သို့ ၇၅ မိုင်၊ ဘောလခဲမြို့သို့ ၂၅ မိုင်၊ ဒီမောဆိုမြို့သို့ ၆၅ မိုင်၊ ဖရူဆိုမြို့သို့ ၅၄ မိုင်၊ ရွာသစ်မြို့သို့ ၄၇ မိုင်၊ မယ်စဲ့မြို့သို့ ၃၅ မိုင် ဝေး၍မြို့အသီးသီး ကုန်းလမ်းခရီးဖြင့် အလွယ်တကူသွားလာနိုင်ပြီး ကုန်စည် စီးဆင်းမှုကောင်းမွန်နေပြီဖြစ်ပါတယ်။ ဖားဆောင်းမြို့သည် စီးပွားရေးအရအဓိကကျသော မြို့ဖြစ်သော်လည်း လက်ရှိတွင် မြေအနေအထားအရ စက်မှုဇုန်တည်ထောင်နိုင်ရန် မြေလုံလောက်မှုမရှိသဖြင့် မြို့ပြစီမံကိန်း Town Plan အား အကောင်အထည်ဖော် ဆောင်ရွက်ပါက စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခုအား ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါတယ်။ သို့ရာတွင် ကယားပြည်နယ်တွင် ခရိုင်နှစ်ခု၊ မြို့နယ် ခုနစ်ခုနှင့် မြို့တစ်မြို့ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်ပြီး လက်ရှိအချိန်တွင် ပြည်နယ်မြို့တော်ဖြစ်သော လွိုင်ကော်မြို့ရှိ စက်မှုရပ်ကွက်အား စက်မှုဇုန်အဖြစ် တိုးမြှင့်နိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါသောကြောင့် ဖားဆောင်းမြို့တွင် စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခုအား လတ်တလောဆောင်ရွက်ပေးရန် မလိုအပ်သေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းများကို ဖြေကြားပေးတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက ဒုတိယဝန်ကြီးများကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာခဲ့တဲ့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ဖြစ်သော ၃၀-၁၁-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(ဃ)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် အချက် ၂၃ ချက်ကို သဘောတူသင့်ကြောင်းနှင့် (၂၇) ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာခဲ့ပါတယ်။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့ အချက် (၂၃) ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက်မှ အချက် (၂၃) ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ အဆိုပါ အချက် (၂၃) ချက်မှာ ဥပဒေ၏ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(ဖ)၊ အပိုဒ်ခွဲ(ဆဆ)။ အခန်း(၃) အပိုဒ် ၄။ အခန်း(၉) အပိုဒ် ၇၁ ဘေးခေါင်းစဉ်၊ အပိုဒ် ၇၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ ငယ်(၂)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲငယ်(၈)။ အခန်း(၂၁) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၄၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ခခ)ကိုပယ်ဖျက်ခြင်း။ အခန်း(၂၂)၊ အခန်း(၂၂)ခေါင်းစဉ်၊ အပိုဒ် ၁၅၀ ဘေးခေါင်းစဉ်။ အခန်း(၂၃)၊ အခန်း(၂၃)ခေါင်းစဉ်။ အခန်း(၂၄)

ခေါင်းစဉ်၊ အခန်း(၂၄) အပိုဒ် ၁၅၄ အပိုဒ်ခွဲ(ဃ)။ အခန်း(၂၅) ခေါင်းစဉ်။ အခန်း(၂၆) ခေါင်းစဉ်။ အခန်း(၂၇) ခေါင်းစဉ်၊ အခန်း(၂၇) အပိုဒ် ၁၇၅၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၇၆ ကို ပယ်ဖျက်ခြင်း။ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၈၃ ကို ပယ်ဖျက်ခြင်းတို့အား အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက် (၂၃) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက်အချက် (၂၃) ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ အချက် (၂၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက်(၂၇)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက် (၂၇)ချက်မှာ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ပ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဗ)။ အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(စ)။ အခန်း(၅) အပိုဒ် ၈ အပိုဒ်ခွဲ(ခ)။ အခန်း(၆) အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၇ ခြေဆင်း။ အခန်း(၈) အပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(စ)။ အခန်း(၁၁) အပိုဒ် ၈၅ အပိုဒ်ခွဲ(ဂ)။ အခန်း(၁၃) အပိုဒ် ၉၆ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၈)။ အခန်း(၁၄) အပိုဒ် ၁၀၀။ အခန်း(၁၅) အပိုဒ် ၁၀၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၀၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၀၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)။ အခန်း(၁၇) အပိုဒ် ၁၁၄ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၁၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်

(၃)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၁၁၇ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၁၁၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၂၁ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၁၂၇ အပိုဒ်ခွဲ(က)။ အခန်း(၂၃) အပိုဒ် ၁၅၄ ခြေဆင်း။ အခန်း(၂၄) အပိုဒ် ၁၇၀ တို့ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲသည့် အချက် (၂၇)ချက် အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် (၂၇)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက် ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် (၂၇) ချက် အား အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း တင်ပြချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် (၂၇)ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက် (၂၇)ချက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ လည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပါအချက် (၂၇)ချက်အား ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သင့်ကြောင်း လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဒီအဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်လှိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲတဲ့ (၂၇)ချက်ကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ဖို့ ပေါက်မဲဆန္ဒနယ်က ဦးခင်မောင်ညိုရဲ့အဆိုတင်ပြချက်ကို ကလေးမဲဆန္ဒနယ်က ကျွန်တော် ဦးတင်လှိုင် က ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အချက် (၂၇)ချက် နှင့်ပတ်သက်ပြီး သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့် ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အချက် (၂၇)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော ကုန်သွယ် ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ ကုန်သွယ် ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသား လွှတ်တော်ရဲ့ ၃-၁၂-၂၀၁၅ ရက်နေ့ အစည်းအဝေးတွင် ဒီဥပဒေကြမ်းကို လတ်တလောအတည်ပြု ဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်ပြမှာ ဖြစ်တဲ့အတွက် အစီရင်ခံစာတင်ပြဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံးမင်္ဂလာပါ။ လေးစား အပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်နှင့် ဥပဒေကြမ်း အဖွဲ့ဝင်၊ ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာတူးမြောင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် စိစစ်ချက်အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်သည့် ၁၉-၁၁-၂၀၁၅ ရက်နေ့၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့ခဲ့ပါတယ်။

၂။ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်က အောက်ဖော်ပြပါအချက်များအရ လတ်တလော အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်စိစစ်ဆောင်ရွက်သင့်ပါကြောင်း ရည်ညွှန်းချက်(၂)ပါစာဖြင့် ပေးပို့လာပါတယ်။

(က) ကုန်သွယ်ရေးအတွက် တူးမြောင်းကို အသုံးပြုခြင်းကို ဆိုလိုခြင်း သို့တည်းမဟုတ် Canal Navigation ကိုဘာသာပြန်ထားခြင်း၊

မူကြမ်း

(ခ) တူးမြောင်းကို အသုံးပြု၍ ကုန်သွယ်ခြင်းလုပ်ငန်းအတွက် တိကျပြတ်သားမှု မရှိသောကြောင့် ဥပဒေ၏ အမည်ကို ရှင်းလင်းသည့် အဓိပ္ပာယ်ပေါ်လွင်စေရန် လိုအပ်ခြင်းနှင့် အသစ်ရေးဆွဲရန် မသင့်ခြင်း၊

(ဂ) The Canal Act ကိုအစားထိုးပြင်ဆင်ခြင်း သို့မဟုတ် ခေတ်နှင့်လျော်ညီအောင် ပြန်လည်ရေးဆွဲသင့်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၈-၁၂-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ တွဲဘက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပ၍ ၃-၁၂-၂၀၁၅ ရက်နေ့၌ အမျိုးသားလွှတ်တော် အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို စိစစ်ခဲ့ရာ The Canal Act မှာ Irrigation Canal များနှင့် သာသက်ဆိုင်ပြီး Navigation Canal များနှင့် သက်ဆိုင်ခြင်းမရှိခြင်း၊ ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ တူးမြောင်းနှင့်ဆက်စပ်လျက်ရှိသောချောင်းများတွင် ကုန်သွယ်ရေးကြောင်းသွားလာမှုကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းကွပ်ကဲနိုင်မည်ဖြစ်သည့်အပြင် ပြဋ္ဌာန်းခဲ့ပြီးသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ Irrigation Canal နှင့် Navigation Canal တို့သည် ရောထွေးမှုမရှိစေဘဲ ရှင်းလင်းစွာ ပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်ခြင်းတို့ကို အကြံပြုဝိုင်းဝန်းဆွေးနွေးကြသဖြင့် ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၄။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံစာ တင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**မူကြမ်း**

၁။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်သည့် ၁၉-၁၁-၂၀၁၅ ရက်နေ့၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် ရည်ညွှန်းစာ(၁)ဖြင့် ပေးပို့ခဲ့ပါသည်။

၂။ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က အောက်ဖော်ပါပါ အချက်များအရ လတ်တလော အတည်ပြုဆောင် ရွက်ခြင်းမပြုဘဲ ပြန်လည်စိစစ်ဆောင်ရွက်သင့်ပါကြောင်း ရည်ညွှန်းစာ(၂)ဖြင့် ပေးပို့လာပါသည်-

(က) ကုန်သွယ်ရေးအတွက် တူးမြောင်းကို အသုံးပြုခြင်းကို ဆိုလိုခြင်း သို့တည်းမဟုတ် Canal Navigation ကိုဘာသာပြန်ထားခြင်း၊

(ခ) တူးမြောင်းကို အသုံးပြု၍ ကုန်သွယ်ခြင်းလုပ်ငန်းအတွက် တိကျပြတ်သားမှု မရှိသောကြောင့် ဥပဒေ၏အမည်ကို ရှင်းလင်းသည့် အဓိပ္ပာယ်ပေါ်လွင်စေရန် လိုအပ်ခြင်းနှင့် အသစ်ရေးဆွဲရန်မသင့်ခြင်း၊

(ဂ) The Canal Act ကိုအစားထိုးပြင်ဆင်ခြင်း သို့မဟုတ် ခေတ်နှင့်လျော်ညီအောင် ပြန်လည်ရေးဆွဲသင့်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၈-၁၂-၂၀၁၅ ရက်နေ့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ တွဲဘက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပ၍ ၃-၁၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို စိစစ်ခဲ့ရာ The Canal Act မှာ Irrigation Canal နှင့် Navigation Canal တို့သည် ရောထွေးမှုမရှိစေဘဲ ရှင်းလင်းစွာ ပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်ခြင်းတို့ကို အကြံပြုပိုင်းဝန်းဆွေးနွေးကြသဖြင့် ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၄။ သို့ဖြစ်ပါ၍ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံစာ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းကော်မတီက ဆုံးဖြတ်ချက်ကို လေးစားလိုက်နာပြီး လွှတ်တော်မှ ဆက်လက်တင်ပြပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ဆုံးဖြတ်ချက်ကို သဘောမတူဘဲ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖြင့် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဆက်လက်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံတင်ပြသွားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း ယင်းဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော ကုန်သွယ်ရေကြောင်းသွားလာရေး ဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ

တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောကွဲလွဲခြင်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည် ပေးပို့လာတဲ့ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ဆွေးနွေး ဆုံးဖြတ်သင့်ပါကြောင်း ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုးစိုးက အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးကျန်ထွန်း(ကနီမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား။ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး တင်သွင်းသွားတဲ့ ကုန်သွယ် ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုကို ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းက ထောက်ခံပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြသင့်ကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော ကုန်သွယ် ရေကြောင်းသွားလာရေးဆိုင်ရာတူးမြောင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၇ အရ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကပေးပို့သော လျှပ်စစ်နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုလက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပေးပို့လာသော လျှပ်စစ်နည်းဥပဒေများကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၁ နှင့်အညီ ၁၇-၁၂-၂၀၁၅ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းနည်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၂ နှင့်အညီ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်အဆို တင်သွင်းရမှာဖြစ်ပါတယ်။ ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက အဆိုပြုပြင်ဆင်ချက်များ တင်သွင်းလာပါတယ်။ အဆိုပြုပြင်ဆင်ချက်များကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ ဒီအဆိုပြင်ဆင်ချက်များနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၃-၁၂-၂၀၁၅ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

**လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက တင်ပြရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား တင်ပြဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က

မူကြမ်း

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ကိုယ်စား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ထပ်မံ တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ၂၇-၁၁-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၈-၁၂-၂၀၁၅ ရက်နေ့၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် သို့ အစီရင်ခံစာတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ ၁၂-၁၂-၂၀၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးမြင့်နိုင် တို့နှင့်အတူ ညှိနှိုင်း အစည်းအဝေး ထပ်မံကျင်းပ၍ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

၃။ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများအတွက် ကြားဖြတ် ရွေးကောက်ပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကျင်းပနိုင်ရန် ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတို့ ၏ ပုဒ်မ ၆၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၈၈ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၉ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့၌ အစားထိုးပြင်ဆင်ဖြည့်စွက်ထားပြီးဖြစ်သဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတွင် သီးခြားထပ်မံ ပြဋ္ဌာန်းရန် မလိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို သီးခြားပြင်ဆင် ဖြည့်စွက်ပြဋ္ဌာန်းရန် မလိုအပ်ပါသောကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သဘောထားကို ပြောပါ ခင်ဗျာ။

**ဦး(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ သဘောတူပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ သဘောထားကိုလည်း ပြောပါ ခင်ဗျာ။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆွေးနွေးတင်ပြထားတဲ့ ဥပဒေကြမ်းကို သီးခြားပြဋ္ဌာန်းရန် မလိုအပ်တော့တဲ့အတွက် ပြန်လည်ရုပ်သိမ်းပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို အစားထိုးပြင်ဆင်ဖြည့်စွက်ပြီးဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို သီးခြားပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း သဘောတူကြောင်း တင်ပြလာပါတယ်။ ထို့အတူ ဥပဒေကြမ်းတင်သွင်းသူ လွှတ်တော်အခွင့်အရေးကော်မတီကလည်း ဤဥပဒေကြမ်းကို သီးခြားပြဋ္ဌာန်းရန်မလိုအပ်တော့သဖြင့် ရုပ်သိမ်းပေးရန်အတွက် တင်ပြလာပါတယ်။ ဒါကြောင့် လွှတ်တော်အခွင့်အရေးကော်မတီက ရုပ်သိမ်းရန်တင်ပြခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ ၎င်းဥပဒေကြမ်းအား ရုပ်သိမ်းရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ရုပ်သိမ်းခြင်းအား အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အခြေခံပညာရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော အခြေခံ ပညာရေးဥပဒေကြမ်းကို ၂-၁၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာ နိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ ဒါကြောင့် အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော အခြေခံပညာရေးဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ ၂၃-၇-၂၀၁၅ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ၁-၁၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များနှင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၈-၁၂-၂၀၁၅ ရက်နေ့နှင့် ၁၁-၁၂-၂၀၁၅ ရက်နေ့များတွင် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး

ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

၃။ အထက်ပါ ညှိနှိုင်းအစည်းအဝေးများရဲ့ ဆွေးနွေးချက်များအပေါ် မူတည်၍ ဥပဒေကြမ်း ကော်မတီအတွင်း၌ ၁၃-၁၂-၂၀၁၅ ရက်နေ့တွင် အသေးစိတ်ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ရာ အောက်ပါ အတိုင်း တွေ့ရှိရပါသည်-

(က) အမျိုးသားပညာရေးဥပဒေသည် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ထားသော ဥပဒေဖြစ်သဖြင့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားပညာရေး မူဝါဒကော်မရှင်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ အစရှိသည်တို့ကို ဖွဲ့စည်းပြီးမှသာ အခြေခံပညာရေးဥပဒေကြမ်းကို ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ခ) အခြေခံပညာရေးအဆင့်များ၊ အတန်းများနှင့် ကျောင်းအမျိုးအစားများကို အမျိုးသား ပညာရေးဥပဒေနှင့် ညီညွတ်အောင်သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် ကြိုတင်ပြင်ဆင်ထားရှိရမည့်လုပ်ငန်းများလည်း ရှိနေပါသည်။

(ဂ) လွှတ်တော်သက်တမ်းတစ်ရပ်၏ ကူးပြောင်းရေးကာလသို့ ရောက်ရှိနေပြီဖြစ်သဖြင့် အသေးစိတ်ညှိနှိုင်းစိစစ်ရန် အချိန်လုံလောက်မှုမရှိခြင်းတို့ကို တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အခြေခံပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးခြင်း မပြုဘဲ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင်သာ ဆက်လက်ဆွေးနွေးဆောင်ရွက်သင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားကိုပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနဲ့ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ် ပါတယ်။

ကျွန်တော်က တော့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်လို့ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် ၂၀၁၁ ခုနှစ်ကနေစပြီးတော့ ကျွန်တော်တို့ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ဘက်စုံ လွှမ်းခြုံတဲ့ လေ့လာသုံးသပ်ရေးကဏ္ဍကို အဆင့်သုံးဆင့်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဆင့်သုံးဆင့်နဲ့ ဆောင်ရွက်ခဲ့ပြီး အားလုံးသိတဲ့အတိုင်း ခိုင်မာသောမူဝါဒ ချမှတ်နိုင်ရန်အတွက် အမျိုးသားပညာရေး ဥပဒေတစ်ရပ်လိုအပ်တယ်ဆိုပြီး အမျိုးသားပညာရေး ဥပဒေတစ်ရပ်ကိုလည်း ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ပိုမိုပြည့်စုံအောင်လည်း အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ပညာရေးဆိုတာဟာ မွေးကင်းစကနေပြီးတော့ အသက်အရွယ်ကြီးရင့် ဘဝတစ်သက်တာ တစ်လျှောက်လုံးနဲ့ ပတ်သက်တဲ့ အတွက် ကြီးမားကျယ်ပြန့်လှပါတယ်။ ဒီအတွက် ကျွန်တော်တို့က ပညာရေးကို CESR လို့ခေါ်တဲ့ ဘက်စုံလွှမ်းခြုံတဲ့ ပညာရေးလေ့လာသုံးသပ်မှု ကဏ္ဍလုပ်ငန်းရဲ့ အကြံပြုချက်တွေ၊ နောက်တစ်ခါ သက်ဆိုင်ရာ ဒီ Stakeholder ပေါ့။ ပညာရေးကို စိတ်ဝင်စားသောသူများအားလုံးနဲ့ လူဦးရေသိန်း ၅ သောင်းလောက်နဲ့ ကျွန်တော်တို့က ဆွေးနွေး ညှိနှိုင်းပြီးတော့ ပညာရေးမဟာဗျူဟာ စီမံကိန်းကိုတော့ ရေးဆွဲထားပြီးဖြစ်ပါတယ်။ အဲဒါက ၂၀၁၆ ခုနှစ်ကနေပြီးတော့ ၂၀၂၁ ခုနှစ်အထိ ဒါ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီဆောင်ရွက်တဲ့ နေရာမှာလည်း ကဏ္ဍကြီးကိုးခုရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဥပမာအနေနဲ့ပြောရရင် မူကြိုကဏ္ဍ ဆိုရင်လည်း မူကြိုကဏ္ဍနှင့်ပတ်သက်လို့ မဟာဗျူဟာမြောက်ဆောင်ရွက်ရမယ့် နည်းသုံးခုရှိပါတယ်။ ဒီလိုပဲ အခြေခံပညာမှာ ကျောင်းပညာရေးနဲ့ ကျောင်းပြင်ပပညာရေး တစ်နည်းအားဖြင့် ကျောင်းပညာရေးဆိုတာလည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ကတော့ Internationalization နဲ့ Quality Education ကိုသွားဖို့အတွက် ရည်ရွယ်ပါတယ်။ ဒါက အခြေခံပညာကဏ္ဍအတွက် ဖြစ်ပါတယ်။ အဲဒါတွေအတွက် ကျွန်တော်တို့က လိုအပ်တဲ့ Quality Creditation ရဖို့ထက် Quality Insurance ရဖို့ အတွက် ကျွန်တော်တို့က စီမံခန့်ခွဲမှုအာမခံချက်၊ သင်ရိုးညွှန်းတမ်းအာမခံချက် စသည်ဖြင့် နှစ်စဉ် နှစ်စဉ်လိုက် ရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒီလိုတင်ပြ နေရခြင်းဟာ အမျိုးသားပညာရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်တဲ့ တစ်ပြိုင်နက်တည်းမှာပဲ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့အနေအထားလေးကို တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီလိုပဲ ကဏ္ဍအလိုက် အသက်မွေးပညာ၊ နည်းပညာနဲ့ အသက်မွေးပညာ ကဏ္ဍအလိုက်ဥပဒေများ အခြေခံပညာရေး ဥပဒေ(မူကြမ်း)များ စသည်ဖြင့် ဆွဲပြီးတော့

ကျွန်တော်တို့က ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါတွေဟာလည်း 2030 Vision လို့ခေါ်တဲ့ ကမ္ဘာ့နိုင်ငံများရဲ့ ပညာရေးရည်မှန်းချက်ကို ကျွန်တော်တို့က ရောက်အောင်ဆောင်ရွက် နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ပညာရေးအတွက် ကဏ္ဍအလိုက် ဥပဒေတွေဟာတော့ အကောင်အထည်ဖော်နိုင်ဖို့အတွက်တော့ ဒါလိုအပ်နေတာဖြစ်ပါ တယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြရရင်တော့ ကျွန်တော်တို့ဟာ ဆောင်ရွက်သွားမယ့် Implementation နည်းလမ်းတွေနဲ့ စဉ်းစားထားပြီး ဒါဆောင်ရွက်ထားပြီးလည်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ကလည်း ဘာပဲဖြစ်ဖြစ် တည်ဆဲဥပဒေတွေပေါ်မှာ အခြေခံတာဖြစ်တဲ့အတွက် သက်ဆိုင်ရာဥပဒေများကို ကျွန်တော်တို့ကတော့ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရင်ဖြင့် ဒါအင်မတန် အားလုံးမျှော်လင့်နေကြတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နိုင်မှာပဲလို့ တင်ပြပါတယ်။ သို့ပါသော်လည်းပဲ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုတော့ လေးစားလိုက်နာသွားမှာဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားရော ထပ်မံတင်ပြရန်ရှိရင် တင်ပြဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပညာရေး ဝန်ကြီးဌာနကတင်ပြသလို ကျွန်တော်တို့အနေနဲ့ သက်ဆိုင်တဲ့ ပညာရေးမြှင့်တင်မှု ကော်မတီနဲ့ ဥပဒေကြမ်းကော်မတီတို့နှင့် အစည်းအဝေး(၃)ကြိမ်ခန့် ကျင်းပပြီးဖြစ်ပါတယ်။ အဲဒီတော့ အခြေခံပညာရေးနဲ့ပတ်သက်လို့ အဓိကသဘောကွဲလွဲစရာ၊ ဝိဝါဒ ကွဲပြားစရာအချက်တချို့ကိုလည်း စိစစ်တွေ့ရှိရပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ အတန်းပညာမှာ ၁၂ တန်းဆိုတဲ့ကိစ္စရယ်၊ နောက် အခြေခံပညာအဆင့်၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် အတန်းသတ်မှတ်တဲ့ နေရာ ကွဲပြားမှုရယ်၊ နောက် ၂၀၁၆ ခုနှစ်ကစပြီးတော့ ၁၂ တန်းအဆင့်ကို စတင်ပြီးတော့ ကျင်းပမယ်ဆိုလို့ရှိရင် ဒါနဲ့ပတ်သက်တဲ့ သင်ရိုးညွှန်းတမ်းတွေ၊ နောက် ဒီဟာနဲ့ပတ်သက်တဲ့ကျောင်း တွေအားလုံးဟာ အဆင်သင့်မဖြစ်သေးတာလည်း တွေ့ရပါတယ်။ သို့သော်လည်း ပညာရေးဝန်ကြီး ဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကိုလည်း ကျွန်တော် တို့ ဒါလက်တွေ့သိရှိခဲ့ရပါတယ်။ အဲဒါကြောင့်မို့ တကယ်လို့သာ ဒီအချိန်မှာ ဒီဥပဒေကို အလောသုံးဆယ်ပြဋ္ဌာန်းပေးလိုက်လို့ရှိရင်

ဒုတိယလွှတ်တော်သက်တမ်းမှာ တွေ့ကြုံရမယ့်အစိုးရအဖွဲ့အနေနဲ့ အခက်အခဲများကြုံတွေ့ကောင်းကြုံတွေ့လာနိုင်တယ်။ အချိန်ကာလအရလည်း ကူးပြောင်းခြင်းကိုရောက်ရှိနေတဲ့အတွက် ဒါကိုကျွန်တော်တို့ တခြားသော၊ အရေးကြီးသောဥပဒေများလည်း ရှိနေသေးတဲ့အတွက် ဒီမှာခဏထားခဲ့ပြီးတော့ ဒုတိယသက်တမ်းမှသာ ဆက်လက်ဆောင်ရွက်သင့်တဲ့အကြောင်း လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းဖြစ်ကြောင်း လွှတ်တော်သို့တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်က ပေးပို့လာခဲ့တဲ့အပေါ်မှာ ဥပဒေကြမ်းကော်မတီက လက်ရှိအခြေအနေမှာ အချိန်ကာလအားဖြင့်လည်း လုံလောက်မှုမရှိခြင်း၊ တခြားအရေးကြီးသော ဥပဒေကြမ်းများကိုလည်း ဆောင်ရွက်နေရခြင်းကိစ္စရပ်များ ရှိနေတဲ့အတွက် ယနေ့ လက်ရှိအခြေအနေမှာ ယခုတင်ပို့လာတဲ့ အခြေခံပညာရေးဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးခြင်းမပြုဘဲနဲ့ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင်သာ ဆက်လက်ဆွေးနွေးဆောင်ရွက်သင့်ပါကြောင်းကို ဥပဒေကြမ်းကော်မတီက တင်ပြလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ယခုဆက်လက်ဆွေးနွေးခြင်းမပြုတော့ဘဲနဲ့ အမျိုးသားလွှတ်တော်သို့ ပြန်ပို့ရန်အတွက် သဘောတူ/မတူ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဒါကြောင့်မို့လို့ အခုတင်ပြထားတဲ့ အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်တွင် ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ယခု တင်ပြထားတဲ့ အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်တွင် ဆက်လက်ဆွေးနွေးခြင်းမပြုတော့ဘဲ အမျိုးသားလွှတ်တော်သို့ပြန်ပို့ရန်အတွက် အားလုံးက သဘောတူကြောင်းကြေညာပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင် ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၁၇-၁၂-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့ကြေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်း ကိုအမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၉-၁၂-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိ ပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၁-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် မြန်မာနိုင်ငံ

မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကိုပြောပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်နှင့် ပြန်လည်ပေးပို့လာတဲ့ မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားကိုရယူပါမယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ(က)၊(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထဲရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှတင်သွင်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို ကျွန်တော်တို့ ရည်ရွယ်ချက်(၃)ချက်ဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်တွေကတော့ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ အသက်အန္တရာယ်နှင့် ကိုယ်ကာယကို ထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရန် သို့မဟုတ် ကာကွယ်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ရန်၊ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံစွာနှင့် စိတ်အေးသက်သာစွာ နေထိုင်နိုင်စေရန်၊ နိုင်ငံတော်ရဲ့တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်းမှာ ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့မှုများနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့ကို ကာကွယ်နိုင်ရန်တို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းမှာ အခန်း(၅)ခန်း၊ ပုဒ်မပေါင်း ၁၄ ခုနှင့် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူရဲ့ အသက်အန္တရာယ်နှင့် ကိုယ်ကာယကိုထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သို့မဟုတ် ကာကွယ်နိုင်ရေးအတွက်ကို လုံခြုံရေးဆိုင်ရာဆောင်ရွက်နိုင်ရန် အတွက်ကို နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူရဲ့ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား ရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ကော်မတီကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ၁၈-၁၂-၂၀၁၅ ရက်စွဲပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို ရည်ရွယ်ချက် သုံးရပ်နှင့် ရေးဆွဲခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

(က) နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ အသက်အန္တရာယ်နှင့် ကိုယ်ကာယကို ထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သို့မဟုတ် ကာကွယ်နိုင်ရေးအတွက် လုံခြုံရေး ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံစွာနှင့် စိတ်အေး သက်သာစွာ နေထိုင်နိုင်စေရန်၊

(ဂ) နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ပြီးနောက်ပိုင်းတွင် ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့မှုများနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြု ခြင်းတို့မှ ကာကွယ်ရန်ဆိုတာ တွေ့ရပါတယ်။

အလားတူ ဥပဒေများနှင့် ပတ်သက်ပြီးတော့ နိုင်ငံအသီးသီးမှာ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ အမေရိကန်နိုင်ငံမှာ Former Presidents Act ဆိုပြီးတော့ တွေ့ရသလို အင်္ဂလန်နိုင်ငံမှာလည်း Public Service Pensions Act ဆိုပြီးတော့ တွေ့ပါတယ်။ ကနေဒါနိုင်ငံမှာလည်း Pension Reform Act ဆိုပြီး တော့ ပြဋ္ဌာန်းဆောင်ရွက်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

၃။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ ၁၉-၁၂-၂၀၁၅ ရက်နေ့မှာ ညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာမှာ ပြင်ဆင်ရန်တင်ပြချက် (၆)ချက်ကို တွေ့ရှိရပါတယ်။ ယင်းအချက်များကတော့

(က) ယင်းဥပဒေကြမ်းမှာ အခန်း(၅)ခန်းနှင့် အပိုဒ်ပေါင်း ၁၄ ပိုဒ် ပါရှိပါတယ်။

(ခ) ဒီဥပဒေမှာပါရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတဲ့ စကားရပ်ကို ဝန်ကြီးဌာန ဟု ပြင်ဆင်ပါတယ်။ မူလက ဝန်ကြီးဌာနနှစ်ခုရှိနေတာကို ဝန်ကြီးဌာနတစ်ခုကိုပဲ ပြဌာန်းသင့်ကြောင်း ရွေးချယ်ပြီးတော့ အဆိုပြုတင်ပြထားခြင်းဖြစ်ပါ တယ်။

(ဂ) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို ကိုယ်ရံတော်အဖွဲ့ဆိုသည်မှာ ကိုယ်ရံတော် ဦးဆောင်သည့် ဤဥပဒေအရ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ရဲတပ်ဖွဲ့ဝင်တို့ကို ဆိုသည်ဟု ပြင်ဆင်ပါတယ်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်ပါတယ်။

(င) အခန်း(၂)ရဲ့ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)တွင်ပါရှိသော လုံခြုံစွာနှင့်စိတ်အေးသက်သာစွာ ဆိုတဲ့ စကားရပ်ကို လုံခြုံအေးချမ်းစွာဟု ပြင်ဆင်ပါတယ်။

(စ) အခန်း ၅ ရဲ့ အပိုဒ် ၁၁ မှာပါရှိတဲ့ ရာသက်ပန်ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ပါတယ်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၃-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၄း၄၀ နာရီ အချိန်တွင်ရပ်နားပါသည်။]